# ဒီနေ့အတွက် သိကောင်းစရာ (၃)

(၂၀၂၀) ပြည့်နှစ်၊ မေလ (၂၄) ရက်

## အပြင်ထွက်တဲ့အခါတိုင်း ဘာကြောင့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဖို့ လိုအပ်တာလဲ?

- ကိုရိုနာ COVID-19 ဗိုင်းရပ်စ်ပိုးဟာ နှာချေ၊ ချောင်းဆိုး၊ စကားပြောဆိုရာမှတစ်ဆင့် လူ့ခန္ဓာကိုယ်ပြင်ပကို အစက်အမှုန် (Droplets) တွေအနေနဲ့ ထွက်ရှိလာပြီး အနီးပတ်ဝန်းကျင်သို့ အများအားဖြင့် (၃)ပေ မှ (၆) ပေ ခန့်အထိ ပျံ့နှံ့နိုင်တာကို တွေ့ရှိရပါတယ်။

- ကိုရိုနာဗိုင်းရပ်စ်ပိုးပါဝင်တဲ့ အစက်အမှုန်တွေဟာ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်မှ တစ်ဆင့် လူ့ခန္ဓာကိုယ်တွင်းကို ဝင်ရောက်ကူးစက်စေပါတယ်။

- ရောဂါလက္ခဏာပြသခြင်းမရှိဘဲ မိမိအနားရှိ အမြင်အားဖြင့် နေကောင်းနေတဲ့သူများ ထံမှာလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိနေနိုင်ပါတယ်။




ဒါ့ကြောင့်မို့ အပြင်ထွက်တဲ့အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ဖြင့် ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ထားရမှာဖြစ်ပြီး အများနဲ့ထိတွေ့ဆက်ဆံရတဲ့သူတွေ အနေနဲ့ ကတော့ မျက်နှာအကာ (Face shield) ကိုပါ တွဲဖက် အသုံးပြုသင့်ပါတယ်။